**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၄) နေ့။

အောက်တိုဘာလ (၁၄) ရက် မနက်(၈း၃၀)နာရီခန့် (၆)မိုင်၊ဘက်သလင်နှင့် ဝမ်လထွား ကျေးရွာဘက်သို့ စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို KNDF မှ မိုင်းဆွဲ တိုက်ခိုက်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ (၃)ဦးသေဆုံးခဲ့ပြီး (၄)ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ပါသည်။

ယနေ့ နေ့လည်ပိုင်းတွင်လည်း နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီ တပ်ဖက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်း နေအိမ်များကို မီးရှို့ခြင်းများပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ယနေ့(၁၅း၃၀)နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များသည် စစ်ကားယာဉ်တန်း များဖြင့် ဒီးမော့ဆိုမှ လွိုင်ကော်မြို့သို့ချီတက်ခဲ့ရာ လမ်းကြောင်းလုံခြုံရေးအဖြစ် တင့်ကားများကို အသုံးပြု ခဲ့ပါသည်။

ဖားဆောင်မြို့နယ်၊ နန်းမကု နှင့် ပန်ပုကျေးရွာ အကြား ယနေ့ ညနေ (၁၆း၀၀) နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA) တို့တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲ အတွင်း ထိခိုက်မှုအခြေအနေများကိုမူ အတည်ပြုနိုင်ခြင်းမရှိသေးပါ။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။